


## အမှာစာ

ဤစာအုပ်သည် စာရေးဆရာမ karen connelly ၏ မူရင်းစာအုပ်တအုပ်ဖြစ်ပြီး စာဖတ်သူ များအား အလွန်အမင်း ဖတ်စေချင်သော ဆန္ဒကြောင့် ကြိုးစားတင်ပြလိုက်ပါသည်။ ဤစာအုပ်အား ဖတ်စေခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အုပ်ချုပ်မင်းမူနေသော စစ်အစိုးရ၏ လက်ထက်တွင် မြန်မာနိုင်ငံသားတို့ မည်ရွေ့ မည်မျှထိလူ့ အခွင့်အရေး ဆုံးရှုံးနေပြီး မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင်များအတွင်း မည်ကဲ့သို ဖိစီးနှိပ်စက်၊ မည်ကဲ့သို ဆင်းရဲဒုက္ခခံရ၍ စစ်အစိုးရ၏ လူမဆန်မှုများကို ကွက်ကွက်ကွင်းကွင်း သိမြင်ရမည် ဖြစ်ပါသည်။ အခန်းဆက်အဖြစ် ဖော်ပြသွားပါမည်။

**အလင်းအိမ်မဂ္ဂဇင်း**

အခန်း ၁၀ အထိ အလင်းအိမ်တွဲ ၂ မှတ် ၁၂ ၌ ဖော်ပြပါရှိခဲ့ပြီးသော်လည်း အမှန်မှာ အခန်း ၁၁ အထိတိုင်အောင် ဖော်ပြပြီးဖြစ်ပါသည်။ ဤသည်မှာ အလင်းအိမ်အယ်ဒီတာ၏ မှားယွင်းမှုသာဖြစ်သဖြင့် အထူးပင်တောင်းပန်အပ်ပါသည်။

အလင်းအိမ် အယ်ဒီတာ

# အိမ်မြှောင်လှောင်အိမ် အခန်း ၁၂

တေးဆိုငှက်ဟာ မေမေပို့ပေးနေကျ ငါးခြောက်ကိုတမ်းတနေပါတယ်။ ကိုယ့်ကိုကိုယ်ဆာလောင်မွတ်သိပ် ဒဏ်ခံနေရမှန်း သိနေတယ်။ တိုက်ခန်း ကျဉ်းကျဉ်းလေးကို တိုင်တည်မိတယ်။ ပဲ့တင်ထပ်သံကို နားစွင့်နေမိတယ်။ ဒီအခန်းကျဉ်းလေးဟာ သူ့ရဲ့ လက်ရှိဘဝကို ကောင်းစွာသိရှိထားသူ ဖြစ်ပါတယ်။ ဒီကောင် ဒီတခါ ရူးသွပ်တော့မလား စိုးရိမ်နေပုံရတယ်။ ရေတကောင်းပင့်ကူ၊ ခြလေးတွေ ကွန်က ရစ်ကြမ်းပြင်မြက်ဖျာပေါ်မှာ ချိတ်ထားတဲ့ လွယ်အိတ်ထဲက တပိုင်းတစထွက်လို့တွဲလောင်းကျနေတယ်။ လွယ်အိတ်ထဲမှာ ထောင်ထဲမှာ ဝတ်နေကျ အဝတ်စုတ် တွေကွဲ ပြဲပြီး၊ ပုဆိုး၊ တီရှပ် ၃ထည် ဆေးပေါ့လိပ် မီးခြစ်ဘူးခွံအလွတ် နောက်ပြီး မီးခြစ်တလုံး။

ငါတကယ် ရှုးသွပ်တော့မှာလား? ဂန်ဖလား (သေး၊ ချီးပါတဲ့အိုး)ကို တတ်နိုင်သလောက်အခန်းထောင့်မှာဘဲ ရှိသေးတယ်။ တေဇတရားထိုင်ချိန်၊ ထမင်းစားချိန်၊ လေ့ကျင့်ခန်းလုပ်သလိုဂန်ဖလားဟာ အဝေးဆုံးမှာ ရှိပါတယ်။ အကျဉ်းသားဟာ ဂန်ဖလားကို စောင့်ကြည့်သလို၊ဂန်ဖလားကလည်း အကျဉ်းသားကို စောင့်ကြည့်နေတယ်။ ထောင်ထဲက အစားအစာဟာလုံးဝမကောင်းပါ။ သန့်ရှင်းမှု လုံးဝမရှိတဲ့ အစားအစာများကြောင့် အိမ်သာတက်တိုင်း ဒုက္ခခံစားရအောင် ထောင်ထဲမှာ အကျဉ်းသားတွေ ဒုက္ခရောက်လောက်အောင် သက်ဆိုင်သူတို့ကသေသေချာချာ စီစဉ်ထားတယ်။

အပြင်မှာရှိတဲ့ လူတယောက်နဲ့ လုံးဝမပါတ်သက်နိုင်တဲ့ ကိစ္စများဟာ ဒီထောင်ထဲအကျဉ်းသားကို အကြီးအကျယ် ပါတ်သက်စေတယ်။ ဂန်ဖလားထဲမှာ ဘာမှမရှိနေလည်းဘဲ အနံ့တော့ဘယ်တော့မှ မပျောက်ပါ။ သက်သက်မဲ့ စင်အောင် မဆေးကြတာပါ။ သူတို့ အပြောကတော့ ထောင်ထဲကို နောက်တခါ ဘယ်တော့မှ မလာစေချင်တော့လို့ ဆိုဘဲ။

ပုဆိုးရဲ့ အနားသားကို သေးသေးလေးဖြဲပြီး အိမ်သာတက်တက်တဲ့အခါမှာ အသုံးပြုရပါတယ်။ တိုက်ပိတ်ခန်းထဲမှာ ဘယ်မှာလက်ဆေးရမှာလဲ။ အဲဒါနဲ့ ဂန်ဖလားပေါ်မှာ ဆောင့်ကြောင့်ထိုင် ရတယ်။ ပါချင်ပါ၊ မပါချင်နေ ကြိုးစားပြီး ပါနိုင်ရင် အကောင်းဆုံးမို့ ကြိုးစားပြီး ဖျစ်ညှစ်နေရတယ်။ အားကုန်ညှစ်မှ ထွက်လာတာကတော့ အိမ်မြှောင်အရိုး သေးသေးလေးတွေ ပိုများတယ်။ ဒီနေ့ပါဆိုရင် ဝမ်းမသွားတာ ၂ ရက်ရှိသွားပြီ။ တေ ဇဟာ စံချိန်ကို သတိရတယ်။ ဝမ်းမသွားတဲ့အမြင့်ဆုံးစံချိန်ဟာ ၁၅ ရက်အထိမြင့်မားခဲ့ဘူးတယ်။ ဒါပေမဲ့ ဗိုက်ထဲမှာအမြဲနေရာယူထားတဲ့သူဟာ သံကောင် ဖြစ်ပါတယ်။ လူထုက အစိုးရကို မကျေနပ်တာ တေဇ သဘောတူပါတယ်။နိုင်ငံရေးပြောင်းလဲမအတွက် အဆုံးရှုံး အနစ်နာခံရမဲ့ အခြေအနေဆိုးများကို တေဇ မေမေလဲကြိုးစားပြီး တောင့်ခံရပါတယ်။

ပုံမှန်အတိုင်း ပြောရရင် အပြောင်းအလဲ ရှိကိုရှိရမှာဖြစ်တယ်။ ကတိမတည်တဲ့ စစ်အစိုးရရဲ့ လုပ်ရပ်တွေကြောင့် လူတွေ ဒုက္ခရောက်ကြရတယ်။လူတွေပြောနေကြတယ်။ လာမယ်ကြာမယ်ဆိုပေမဲ့လည်း ဘယ်လောက်ထိကြာမှာလည်း ဘာမှသုံးမတဲ့တဲ့ အခြေအနေထိ ရောက်သွားနိုင်တယ်။ ကောင်လေးတယောက် တိုက်ပိတ်ထဲမှာ စိတ်ညစ်စွာနဲ့ ဒူးထောက်လိုက်ပြီး လက်ဖဝါး ၂ ဖက်ကို ပေါင်ပေါ်တင်ရင်း တရားထိုင်မယ်စိတ်ကူးနေတယ်။ အတိတ်အကြောင်းတွေကိုတွေးပြီး အေးငြိမ်းတဲ့နေရာကို စိတ်ထဲမှာရှာဖွေနေတယ်။

ငယ်ငယ်တုန်းက ပုဂံဘုရားတွေဘက် ရောက်ခဲ့ဖူးတယ်။ တန်ခိုးကြီးတဲ့ ဘုရားများ စုစည်းပြီး ရှိတဲ့ နေရာဖြစ်တယ်။ ဖေဖေမဆုံးခင်က တေဇရယ်၊ အောင်မင်းရယ်၊

မေမေရယ်ရောက်ခဲ့ဖူးတယ်။ ရောက်တိုင်း ဘုရားစုံဖူးကြတယ်။ ဝင်သက်ကို ဝမ်းဗိုက်အထိ ရောက်အောင်ရလိုက်တယ်။ ဒါပေမဲ့ ထွက်သက်ကို ဝမ်းဗိုက်ထဲမှာ ဘာတခုမှမကျန် အောင် မှုတ်ထုတ်လိုက်တယ်။ ပုဂံဘုရားတွေဆီ ရောက်သွားတော့ တေဇစိတ်ထဲမှာ တည်ငြိမ်တဲ့ စိတ်တွေ ဝင်လာတယ်။ အကြာကြီး တည်မြဲနေတဲ့ ပုဂံဘုရားတွေရဲ့ တန်ခိုး ဖြစ်တယ်။ ဧရာဝတီမြစ်ရဲ့ ကမ်းနဖူးပေါ်မှာ နှစ်ပေါင်း ၂ ထောင်ကျော်ကျော် တည်တဲ့ ခိုင်မြဲစွာ မြေမှာစွဲမြဲနေဆဲ။ ညစ်ညမ်းလှတဲ့ ကမ္ဘာကြီးပေါ်မှာစေတီပုဆိုးများဟာ လှပသော ရတနာ များသဖွယ် ဝင်းလက်တောက်ပစွာ ရပ်တည်နေကြတယ်။

ဟိုး……အရင်က ပုဂံကို Tattadesa လို့ခေါ်တဲ့ မြေပြင်လို့ တွင်စေခဲ့တယ်။ ဖေဖေမြက်ဦးထုပ်ဆောင်းရင်း လမ်းလျှောက်သွားတာကို ငေးကြည့်ရင်း တေဇစိတ်ထဲ မှာ ပျော်လာတယ်။ အလှဆုံးလို့ထင်ရတဲ့ မြင်းလှည်းကိုငှားပြီး မိသားစု ဘုရားစုံဖူးခဲ့ ကြတာကို သတိရလာတယ်။ ဖေဖေရဲ့ပုခုံးတွေ ရှေ့တိုးနောက်ငင်နဲ့ ဖေဖေလှေခါး ထစ် တွေကို ပြေးတက်တာမှတ်မိတယ်။ လှေခါးထစ်ပေါ် တက်တုန်းက ဖေဖေ ပုဆိုးကို ဒူးခေါင်း အထိ ပင့်မပြီး သွားတာတွေကိုလည်း သတိရတယ်။ ဆေးရုံသွားပြီးရင် ဆေးခန်းသွားနဲ့၊ ပြီးလို့ပြန်လာရင် ပင်ပန်းနွမ်းနယ်လို့ အနားယူနေတာနဲ့တေဇ တို့ဟာဖေဖေနဲ့ တွေ့ရခဲ တယ်။ သူဆေးခန်းမှာ ထိုင်ရင်း ရင်ကွဲနေတဲ့ လူထုတွေရဲ့ရင်ဖွင့်သံကို နားထောင်ခဲ့တယ်။ ကျိုးနေတဲ့ လူတွေရဲ့ လက်တွေကို ပြန်ဆက်နိုင်ခဲ့တယ်။

သစ်သားနဲ့လုပ်ထားတဲ့ လှေကြီးပေါ်က မီးသွေးတွေထမ်းချနေတဲ့ အလုပ် သမားတွေဟာ ဖေဖေကိုတွေ့လိုက်တာနဲ့ အလုပ်တချက်ရပ်ပြီး အားလုံးသော အလုပ်သမားများဟာ လက်ဝှေ့ယမ်း နူတ်ဆက်ကြ တယ်။ ဖေဖေဟာ လူအများချစ် ခင်တဲ့ လူတယောက်ဘဲ၊ ဖေဖေသားဖြစ်ရတာ ဂုဏ် ယူလာမိတယ်။ တည်းနေတဲ့ဧည့် ဂေဟာကို ပြန်ကြမယ်၊ ဆိုဖေဖေပြောတော့ သားနှစ်ယောက်ဖေဖေ့နောက် လိုက်ခဲ့ကြရင်း အေးချမ်းတဲ့သစ်ပင်ရိပ်အောက်မှာ ဖေဖေ့ရဲ့ အရသာရှိသော ထမင်းဟင်းတွေစားခဲ့ကြ တာသတိရမိတယ်။ တေဇဟာ ဝင်သက်ထွက်သက်မှတ်ရင်း ဖေဖေနဲ့ အတူရှိခဲ့ကြတဲ့ အတိတ်ကိုပြန် လွမ်းနေမိတယ်။ တရားထိုင်ပါတယ်ဆိုပေမယ့် ဖေဖေတို့မေမေတို့ အောင်မင်းတို့ ဆီစိတ်က ရောက်ရောက် သွားတယ်။ ပုဂံမှာ မိသားစုနဲ့ အမြဲနေချင်ခဲ့ တယ်။ ပုဂံဘုရားများဟာ များသော အားဖြင့် ၂ ဆင့်အနဲဆုံး ရှိတက်ကြပြီး ဥမင်လှိုဏ် ခေါင်းတွေရှိတဲ့ ဘုရားတွေရှိတယ်။ ဥမင်လှိုဏ်ခေါင်းတွေထဲ လမ်းလျှောက်သွားရင်း လမ်း ပျောက်မှာ မစိုးရိမ်ရပါ။ တချိန်ချိန်မှာ ထွက်ပေါက်တခုခု ကိုတွေ့ပါ တာ့တယ်။

ရွှေခေတ်လို့ ခေါ်တဲ့အခါတုံးက အနော်ရထာ ဘုရင်မင်းကြီးမှာ ဆင်ဖြူတော် တပ်တွေ ရှိခဲ့ဖူးတယ်။ ရွှေငွေကျောက် သံပတ္တမြားတွေများစွာရှိတယ်။ အနော်ရ ထာ မင်းကြီးဟာ သူ့ရဲ့နောက်လိုက် မင်းများမင်းညီမင်းသားတွေကို ရွှေငွေ မြောက်မြား စွာ

ပေးသနားတော်မူခဲ့တယ်။ ဆန်စပါးတွေ လျှံလျှံ ပေါများတယ်။ ဆားတွေလည်းများစွာ ရှိတယ်။ ကျန်စစ်မင်းကြီး၊ အလောင်းစည်သူမင်းတို့ စသဖြင့်မင်းများရှိခဲ့တယ်။ နောက်ဆုံး နရသီဟပတေ့မင်း လက်ထက်ကြရောက်တော့ ကူဗလေခန် မွန်ဂိုလ်မင်းကြီးရဲ့မြေးတော် ရေတုတီမော ဘုရင်ဟာ သိမ်းပိုက်ခဲ့တယ်။ အဲဒီအချိန်ကစပြီး ပုဂံမင်းပျောက်ခဲ့တယ်။ ဒါပေမယ့် ဘုရားပုထိုးတွေဟာ လေဒဏ် မိုးဒဏ် ယနေ့အထိ အသက်ရှင်ရပ်တည် နေတယ်။

ဘုရားထဲမှာ လေဟာ အေးချမ်းသလိုခံစားရတယ်။ များသောအားဖြင့် ဘုရားတွေမှာ သုံးပေါက်ရှိပြီး အရှေ့ဘက်အရပ်မှာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဆင်းတုတော် အမြဲရှိနေတယ်။ဘုရားရင်ပြင် တော် ဟာအေးချမ်းလှပါတယ်။ ဘုရားကို ဦးသုံးကြိမ်ချပြီး အများသူငါ ပူဇော်ထားတဲ့ ဆီမီး၊ ဖယောင်းတိုင်၊ အနံ့အမွှေးတိုင် လှပတဲ့ပန်းတွေကို ငေးကြည့်မိဘူးတယ်။ အလွန်စိတ်ချမ်းသာစရာ နေ့တွေဖြစ်ပါတယ်။

တိုက်ပိတ်အခန်းထဲမှာ လူငယ်တစ်ယောက် ထွက်သက်ဝင်သက် မှတ်နေရင်း တရားထိုင်မှု တဖြည်းဖြည်း နက်ရှိုင်းလာတယ်။ ခန္ဓာကိုယ်အတွင်းထဲက နံရိုးတွေဟာ ပေါ့ပါးသလို ခံစားရတယ်။ ဝမ်းဗိုက်ထဲမှာ ရှိတဲ့အက်စစ်တွေနဲ့ အိမ်မြှောင်ရိုးလေးတွေ ဟာ ပျောက်ကွယ်သွားသလိုလို ဟာလာဟင်းလင်း ဖြစ်သွားတယ်။ ဝင်သက်ထွက် သက်မှတ်ခြင်းဟာ ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာကို သီးခံနိုင်လာတယ်။ သူတို့ကျွေးမှ စားရတာ၊ တံခါးနှစ်ထပ်ဟာ အပြင်က ခတ်ထားတာလေ၊ ဘုန်းတန်ခိုးရှိတဲ့ သူတွေဟာ တရားတွေနဲ့ ပြည့်ဝနေမှာဘဲလို့ တွေးမိတယ်။

# အခန်း(၁၃)

ဖေဖေကို သတိယနေတယ်။ တခါတလေ စာကူးတဲ့အခါမှာသုံးတဲ့ ကာဗွန်စက္ကူ စာရွက်အနံ့ကိုတောင်ရမိတယ်။ အဲဒီအချိန်မှာကာဗွန်စာရွက်ကိုဝယ်ဖို့ လုံးဝမလွယ်ပါ။ နေဝင်းစစ်အစိုးရဟာစက္ကူ တွေဝယ်၊ ကာဗွန်ခံပြီး စက္ကူတွေရိုက်၊ လူတွေအထဲမှာ စာရွက်လိုက်ဖြန့်နေတာကို အတင်းလိုက်ပိတ်ဆို့ကြတယ်။ တေဇအဖေဟာ နည်းလမ်းမျိုးစုံနဲ့ မရရအောင် စက္ကူတွေ၊ကာဗွန်စာရွက်တွေကို ရအောင် စုဆောင်းရတယ်။ စစ်ထောက်လှမ်းရေးသမားများဟာစက္ကူစာရွက်လောကတွေမှာ စက္ကူဘယ် သူကများများ ဝယ်သလဲ၊ကာဗွန်စာရွက်မှင်တွေ ဘယ်သူများများဝယ်သလဲ ဆိုတာ အမြဲစုံစမ်းနေတယ်။

ဒါကြောင့်ဖေဖေဟာ သူ့လက်အောက်ဆရာဝန်တွေကိုအကူအညီတောင်းပြီး ဆိုင်တွေမှာ ဖြန့်ပြီးဝယ် ကြတယ်။ ဒါမှဘယ်သူမှမရိပ်မိကြမှာ စစ်ထောက်လှမ်းရေး မျက်

စေ့အောက်မှာ လပ်ရှားရတာမလွယ်ပါ။ ဆိုင်ပြောင်းဝယ် လူလွဲဝယ်နဲ့ ရအောင်ရှောင် တိမ်းရတယ်။

တခါတလေ မယုံသင်္ကာနဲ့ M-I စစ်တာခံရရင် ဆရာဝန်လေးတွေဟာ သူတို့သင်ခန်းစာရေးဖို့ စာတမ်းတင်ဖို့စသဖြင့် အကြောင်းပြချက်နဲ့ လွတ်နိုင်ခဲ့တယ်။ ဒီလိုနဲ့ဘဲ ဖေဖေဟာဆယ်နှစ်လောက် စာတွေ လူမရိပ်မိအောင်ဖြန့်ဝေနိုင်ခဲ့တယ်။ ဖေဖေဟာ သူရိုက်ထားတဲ့ဟာတွေကို သေချာစစ်ပြီးမှဖြန့် ဝေတတ်ပါတယ်။ တေဇဟာ မီးဖိုချောင်ထောင့်လေးက ခွေးခြေပုလေးပေါ်ထိုင်ရင်း ဖေဖေလပ်ရှားသမျှ ဖေဖေ ပြောသမျှတွေကိုစိတ်ဝင်စားစွာ စောင့်ကြည့် နားထောင်လေ့ ရှိပါတယ်။ အခါတလေ သူနားမလည်နိုင်တဲ့ အသုံးအနှုန်းတွေတောင် ပါလာတတ်တယ်။လူငယ်အမျိုးသား၊အမျိုးသမီးများဟာ စာတွေရေး၊ စာတွေကူး၊ စာတွေရိုက်နဲ့ တေဇတို့ မီးဖိုချောင်ထဲက စားပွဲမှာ အလုပ်ရုပ်နေကြတယ်။

သူတို့ဟာ အလွန်ကြိုးစားကြတယ်။ လူတွေသိမှာစိုးလို့ တံခါးအလုံပိတ်ပြီး တိုးတိုးတိတ်တိတ်နဲ့ ချွေးပြိုင်းပြိုင်းကျနေရင်း မိမိတို့ ရည်ရွယ်ချက်ပန်းတိုင်ဆီသို့ ကြိုးစား ချီတက်နေတယ်။ ဖေဖေတခါ နောက်ပြောင်ပြောတဲ့ ချွေးတပ်စခန်းလေး ဖြစ်နေတယ်။ ချွေးထုတ်စရာမလိုဘဲ ချွေးအလွန်ထွက်တဲ့ ချွေးထွက်စခန်းတခုပေ့ါ။ လူငယ်တွေဟာ ဖေဖေစကား၊ဖေဖေပြောသမျှစသဖြင့် ရိုသေစွာ၊ စိတ်ဝင်စားစွာ နား ထောင်ကြတယ်။ ဖေဖေကို သိပ်ယုံကြည် အားကိုးကြတယ်။ ဖေဖေရဲ့ အေးငြိမ်းတိုး တိတ်တဲ့စကားတွေ ကိုအမြဲမှတ်သားယူကြတယ်။ လူငယ် လူသစ်တွေဟာ ၂ နှစ်တခါ၊ ၃နှစ်တခါ ပြောင်းလဲတတ်ပါတယ်။ ဘယ်လိုဘဲ လူပြောင်း ပြောင်း လုပ်ငန်းကတော့ အမြဲအတူတူဘဲ ဖြစ်ပါတယ်။ သတင်းစုဆောင်းတိုင်ပင်၊ စာကူး၊စာရိုက်နဲ့အမြဲ အလုပ်ရုပ်နေကြတယ်။ အရေးကြီးတဲ့စာများကို တခါတလေ မေမေနဲ့ထားခဲ့တယ်။ သူတို့ကအပြင်ဖက်မှာ တခြားလုပ်ငန်းတွေ ရှိနေသေးတယ်။ တခါတလေ မေမေကို စာစီစာရိုက် လုပ်ခိုင်းတယ်။ မေမေရယ် ဆရာဝန်လေးတွေရယ် စာရိုက်ပြီးသားတွေကို မိမိပတ်သက်ရာအသိမိတ်ဆွေ သူငယ်ချင်းများမှတဆင့် လူထုလက်ထဲအထိ ဖြန့်ဝေနိုင်ခဲ့တယ်။

တေဇသိပါတယ်။ ဒီလုပ်ငန်းဟာ အလွန်လျှို့ဝှက်မှုဖြစ်မှာကိုး။ တေဇမိ ဘတွေဟာ ဒီလှုပ်ရှားမှုအမျိုးမျိုးကို မပေါက်ကြားစေဖို့ တေဇတို့ကို အမြဲသတိပေးလေ့ရှိပါတယ်။ အဖွဲ့အစည်းတခုလုံးရဲ့ လုံခြုံရေးဖြစ်ပါတယ်။ သူတို့တတွေ ဘယ်လိုလုပ်သလဲ၊ ဘာပြောသလဲဆိုတာ အပြင်လူ လုံးဝမမြင်၊ မကြားရပါ။ ဧပြီလရဲ့ အပူဆုံးနေ့တနေ့မှာ ဖေဖေဟာ သူဖတ်နေကြ စာရွက်ကိုဖတ်နေရင်း ရုတ်တရက် ရပ်တန့်လိုက်တယ်။ အားလုံးက ဖေဖေ ရေသောက်မလို့ ခဏရပ်တာထင်ပြီး ငေးကြည့်နေကြတယ်။ ဒါပေမယ့် ဖေဖေဟာ ရေမသောက်ချေ။ အဖွဲ့အစည်းဝင်တွေလည်း ပါလာတဲ့လက်ကိုင်ပဝါနဲ့

ချွေးတွေကို သုတ်နေကြတယ်။

ဖေဖေ ဖြည်းဖြည်းချင်း လူငယ်တွေမျက်နှာကို တပတ်လှည့်ကြည့်ရင်း ပြူတင်းပေါက်ဘက်သွားလိုက်တယ်။ ပိတ်ထားတဲ့ ပြူတင်းပေါက်တွေကို ကြည့်ရင်း သိပ်ပူတယ် မဟုတ်လား။ ဒီတခါဖေဖေ အသံဟာ နည်းနည်းကျယ်တယ်လို့ တေဇ ထင်တယ်။ ဖေဖေက ငါတို့ဒီအခန်းကျဉ်း လေးဟာချွေးတွေ ထွက်ရင်းအသက်ရမဝလို့ သေတော့မယ်။ နေဝင်းက ငါတို့ကို ဘာဖြစ်စေချင်လဲ၊ ငါတို့ဆီက ဘာလိုချင်လဲ၊ အဖေဟာ ပြူတင်းပေါက်တွေကို ဖြည်းဖြည်းချင်း ဖွင့်လိုက်တယ်။ လူငယ်အဖွဲ့ဝင်တွေဟာ တယောက် မျက်နှာတယောက်ကြည့်ရင်း အံ့သြနေကြတယ်။ မေမေက စကားမပြောကြဖို့ နှုတ်ခမ်းပေါ် လက်ညှိုး ၃ချောင်းတပ်ပြီး အချက်ပြလိုက်တယ်။ မေမေဟာ သူ့ယောကျာ်းပြူတင်းပေါက်တွေ လိုက်ဖွင့်နေတာကို ငေးကြည့်နေတယ်။ အဲ့ဒီအချိန်မှာ အေးမြတဲ့ လေညှင်းတွေ အခန်းထဲဝင်လာပြီး လူငယ်တွေ ပြုံးလာနိုင်ကြတယ်။ ဖေဖေဟာ တဖြည်းဖြည်းလှည့်ရင်း စာရွက်တွေကို ခါးကိုင်းပြီး ကောက်ယူလိုက်တယ်။ စားပွဲပေါ်ကို လက်ဖဝါးထောက်ရင်း ပြောလိုက်တယ်။ အေး --- သူတို့ကြားချင်လည်း ကြားကြပါစေ တော့။ ငါ့တို့ဟာ နှလုံးရည်ညံ့တယ်။ ငါတို့တတွေ မကြောက်တတ်အောင် ကြိုးစားကြရမယ်။ ငါတို့ဒီလို ကြောက်တတ်နေရင် ငါတို့ကိုသူတို့က အမြဲအနိုင်ယူ ဗိုလ်ကျ ရက်စက်နေကြမှာဘဲ။ အဲဒီလိုနဲ့ အဒီနေ့က အစည်းအဝေးဟာ အေးချမ်းတဲ့လေညှင်းနဲ့အတူ လူငယ်တွေအဆင်ပြေစွာ မှတ်ယူကြနိုင်တယ်။ လွတ်လပ်စွာစကားပြောကြ စာရိုက်ကြ လုပ်ကြတယ်။ ချေဂွေဗားရား၊ လူစွန်တို့ရဲ့ သဘောတရားများ တွေဗမာပြည်ရဲ့ ကွန်မြူနစ်ပါတီ စကားလုံးတွေ၊ သတင်းတွေ၊ နိုင်ငံရေး အကြံပေးမှုတွေ အတောအတွင်းမှာ ဖြစ်ပျက်နေတဲ့ စစ်ရေးစစ်ရာတွေကို ပြောကြဆိုကြ ဆွေးနွေးကြတယ်။ ဆရာ ဝန်လေးတွေ လူငယ်လူရွယ်များဟာ ကွန်မြူနစ်ဝင်တွေ မဟုတ်ပေမယ့် လူတိုင်းရဲ့ဆန္ဒဟာ နေဝင်းစစ်အစိုးရနဲ့ ဆန့်ကျင်ဘက်မှာ အမြဲရှိနေကြတယ်။

မှတ်မှတ်ရရ တေဇ ၁၄ နှစ်တုန်းက အိပ်ရာပေါ်မှာ တိတ်တိတ်ဆိတ်ဆိတ်လှဲ လျှောင်းနေရင်း ဘေးမှာအိပ်နေတဲ့ အောင်မင်းရဲ့ကျောပေါ်ကို လက်ဖဝါး တင်ထားမိတယ်။ ဖေဖေက သတင်းကောင်းယူလာခဲ့တယ်။ တေဇကိုရေးချင်တာ ရေးခွင့်ပေးတယ်။ အဖွဲ့အစည်းဝင် တယောက်အဖြစ်အသိအမှတ်ပြုတဲ့သဘောဖြစ်တယ်။ ဒါပေမယ့် ဖေဖေ စီစစ်မပေးပါဘဲ အပြင်ကိုထုတ်ဝေခွင့်မပေးဘူး။ ဖေဖေစစ်ပြီးမှ ခွင့်ပြု ချက်အရ လုပ်ရမှာဖြစ်တယ်။

ခြင်ထောင်ကို တဖြည်းဖြည်း မလိုက်ရင်း ဒီဇင်ဘာရဲ့အေးမြတဲ့လေကို အဝ ရရိုက်နေတယ်။ သူရထားတဲ့ ဖေဖေခွင့်ပြုချက် အကြောင်းတွေကို တွေးမိနေတယ်။ ဖေ

ဖေရဲ့ခွင့်ပြုချက်နဲ့အခုလာမယ့် အစည်းဝေးမှာ ဆရာဝန်လေးတွေ၊လူငယ်လူရွယ် ကြားထဲ နောက်ဆုံးအဖွဲ့ဝင်လူငယ်လေး တေဇကို သူတို့အံ့သြစွာ မြင်တွေ့ကြရ မယ်မ ဟုတ်ပါ လား။ စိတ်ကူးပျက်သွားတယ်။ အိပ်ငိုက်တဲ့အကြားက အိမ်ရှေ့က တံခါး ခေါက်သံဟာ သိပ်ကျယ်လွန်းတယ်။ ဒီအချိန်ကြီးမှာလူနာတွေ တခါတလေ ဖေဖေကို အရေးပေါ် လာပင့်တတ်တယ်လေ။ ဘယ်သူများ ခလေးမွေးတော့မလဲ။ ဘယ်သူများ ရင်အောင့်၊ ဗိုက် နာနေသလဲဆိုတာ စဉ်းစားနေမိတယ်။ တံခါးခေါက်သံဟာနောက်တကြိမ် ပြင်းပြင်း ထန်ထန် ခေါက်နေပြန်တယ်။ တေဇအသက်ရနေတာကို ခဏရပ်လိုက်ပြီး နားစွင့် နေမိတယ်။ ပုံမှန်မဟုတ်ဘူး ဆိုတာသိတယ်။ ဘာတွေများဖြစ်နေပြီလည်း အောင်မင်းဟာ ဖိမ်နဲ့ အိပ်ပျော်နေတုန်းဘဲ။ မေမေဟာတေဇတို့ အခန်းထဲအမြန် ပြေးဝင်လာတယ်။ **"ထကြ ထကြ အောင်မင်းကို အမြန်နိုးလိုက် ဖေဖေကို မင်းတို့နှုတ်ဆက်ရမယ်။ မြန် မြန်လာ။"** တေဇခြေ ၂ချောင်းကို ကြမ်းပြင်ပေါ်ချလိုက်ရင်း အောင်မင်းကို အတင်း လပ်နိုးရတော့တယ်။ **"အောင်မင်း မြန်မြန်ထ ဖေဖေကို ငါတို့နှုတ်ဆက်ရမယ်တဲ့၊ ဖေဖေ ထွက်သွားတော့မယ် အမြန်ထပြီး နှုတ်ဆက်ရမယ်တဲ့။ မြန်မြန်လာ"** ဧည့်ခန်းထဲမှာ လူသုံးယောက် ရပ်နေကြတယ်၊ တယောက်က ဘောင်းဘီဝတ်ထားတယ်၊ သိလိုက်ပြီ။ ဖေဖေဒုက္ခ ရောက်တော့မယ်၊ ဒီလူတွေဟာ ထောက်လှမ်းရေးတွေဖြစ်မယ်။ ဖေဖေဟာ ထိုင်ချလိုက်ပြီး သားနှစ်ယောက်ကို အားကုန် ဖြစ်ညှစ်ဖက်ထားတယ်။ တေဇ တော်တော် နာသွားတယ်။ ပြီးတော့မှ နည်းနည်းလျော့လိုက်ရင်း ခလေးလက်တွေကို ဆုပ်ကိုင် ထား တယ်။ နောက်တော့ တိုးတိုးမြန် မြန်ပြောလိုက်တယ်။ **"မင်းတို့နှစ်ယောက် ဖေဖေအိမ်မှာ မရှိတဲ့ အချိန်မှာ ကောင်းကောင်းနေကြ။ မေမေ့ကို ဂရုစိုက်။ မေမေကို ကူညီလုပ်ကိုင်ပေး ကြ။ ငါအမြန်ဆုံး ပြန်လာနိုင်အောင် ကြိုးစားမယ်။ ငါ့ကိုမမေ့ကြနဲ့။"** မေမေဟာ တေဇ တို့ကို ပြုံးပြီး ကြည့်နေတယ်။

ဖေဖေဟာ သူ့ဇနီးရဲ့လက်ကို ဆုပ်ကိုင်ရင်း မျက်နှာချင်း ဆိုင်လိုက်တယ်။ မေ မေရဲ့ မျက်လုံးဟာခြောက်သွေ့အေးစက်နေတယ်။ မေမေဟာ စစ်ထောက်လှမ်းရေး တွေအရှေ့မှာ ဘယ်တော့ မှမျက်ရည်ကျမှာ မဟုတ်ဘူး။နောက်တော့ M. I တွေဟာ ဖေဖေကို လုပ်စရာ ရှိတာမြန်မြန်လုပ်ဖို့ပြောတယ်။ နှုတ်ဆက်စရာရှိတာ နတ်ဆက်ပါလို့ ပြောတယ်။ ဖေဖေနဲ့ဝေးရပြီ။

ဖေဖေကို မေမေနှစ်ပေါင်းများစွာ ချစ်မြတ်နိုးတာ တေဇသိတယ်။ မေမေရဲ့ ရင် ထဲမှာ ဘယ်လောက်ကြေကွဲနေမလဲ။ မေမေကိုဖေဖေကချစ်လို့ ခိုးပြေးခဲ့တာဘဲ။ မေမေကို ဖေဖေဟာ မောင့်ရဲ့လမင်းလေး (ပါဠိလိုစန္ဒာဟာ လမင်းမဟုတ်ပါလား)လို့ ခဏခဏ ခေါ်တတ်တယ်။ ထောက်လှမ်းရေးတွေ အရှေ့ မှာမေမေ ဟာဖေဖေကို စကားတလုံးမှ ပြန်မပြောဘဲ လက်ကိုဆုပ်ကိုင်ထားရင်းမျက်လုံးချင်း စကားပြောနေတယ်။ ဒီအချိန်မှာ

နားမလည်သေးတဲ့အောင်မင်းက ဖေဖေဘယ်ကိုသွားမှာလဲ ဘာလို့သွားမှာလဲ ဘယ်တော့ ပြန်လာမှာလဲ လို့မေးနေတယ်။

စစ်အစိုးရက တေဇဖေဖေဆရာဝန်ကို မြောက်ဖက်ဆုံးဘက်က အကျဉ်းထောင်ဘက်ပို့လိုက်တယ်။ တခါတွေ့ဖို့ ၂ ရက်လောက်ကြတယ်။ဘတ်စ်ကား၊ ရထား၊ပြီးတော့ နွားလှည်း၊ ကုန်းကြောင်း စသည်ဖြင့် ခရီးကြမ်းဖြစ်ပါတယ်။ နောက်ဆုံး ဒီလောက်ကြမ်းတမ်းတဲ့ ခရီးရှည်ကိုဖြတ်ပြီး သွားတွေ့တာ တောင်အချိန် ၃၀ မိနစ်ဘဲ တွေ့ခွင့်ပေးတယ်။ တခါတလေ ထောင်ဝန်ထမ်းတွေကိုလက်ဆောင်ပေးပြီး ခလေး နှစ်ယောက်ကို သူ့တို့အဖေနဲ့ တွေ့ခွင့်ရတယ်။ လတွေ နှစ်တွေပြောင်းလာ တော့ အိမ်မှာရှိတဲ့ ပရိဘောဂတွေ နဲပါးလာတယ်။ မေမေတို့ လက်ထက်တုန်းက ဝတ်တဲ့ပိုးထည်တွေပါ ရောင်းချလိုက်ရပြီ။ ရွှေနဲ့ လုပ်ထားတဲ့လက်ဝတ်လက်စားတွေ အားလုံးရောင်းချရတယ်။ နောက်ဆုံး အဖွားရဲ့ အမွေလက်ဝတ် လက်စားတွေပါ ရောင်းရတော့တယ်။ တခါရောင်းလိုက် အဖေအတွက် လိုအပ်တဲ့ အစားအစာ၊ဆေးဝါး တို့နဲ့ ဖေဖေ့အတွက် ထောင်ဝင်စာ ပြင်ဆင်ရတယ်။

ဒီကြားထဲ၊ ဖေဖေကို အခက်အခဲကြားက တွေ့ရတာတောင် သူတို့က ၂ ကြိမ်လောက်တွေ့ခွင့်မပေးလို့ ဖေဖေအကျဉ်းထောင် ရောက်ပြီးပြန်လှည့်ရတဲ့ အခါတွေ ရှိပါတယ်။ အဲဒီအထိရောက်ပြီး မျက်နှာတောင်တွေ့ခွင့်မရတဲ့ အဖြစ်ပါ။ နာရီဝက်လေး တွေ့ဖို့ ကြိုးစားလိုက်ရတာ၊ ဒါတောင်တွေ့ခွင့် မရလိုက်ဘူး။ ရက်စက်ကြတယ်။ ရှိတာလေးတွေ တဖြည်းဖြည်း ရောင်းရင်းနဲ့လူကိုယ်တိုင် မရောက်နိုင်တောင်မှ ဖေဖေလိုအပ်တဲ့ စားစရာ၊ ဆေးဝါးတွေကို အလျင်မှီသလောက် ပို့ပေးရတယ်။ ထောင်ဒါဏ် ၁၀နှစ်ထဲက ၃နှစ် ခံပြီးတဲ့ အချိန်မိုးတွေ အရမ်းရွာနေတဲ့ အချိန်မှာ ဖေဖေကိုဝေးတဲ့ ကျောက်ထုစခန်းကို ပို့လိုက်တယ်။ အပြစ်ကျတဲ့လူတွေနဲ့အတူ ကျောက်ထုရတယ်။ အဲဒီမှာ မိုးဒါဏ်၊ လေဒါဏ် ရက်ရက်စက်စက်ခံနေရင်း ကျောက်ထုရတယ်။ ခြေကျင်းဝတ်ထားတယ်။

ဒါနဲ့ဘဲအပြင်းဖျား လာတော့တယ်။ ဖေဖေကဆရာဝန်ဖြစ် တော့ပထမ သူ့ရောဂါဟာ ငှက်ဖျားဖြစ်မယ်လို့ ထင်ထားတယ်၊ ခြင်တွေဟာ အရမ်းများတယ်။ မိုးလည်း အရမ်းရွာတယ်ဆိုတော့ ငှက်ဖျားဖြစ်နိုင်တယ်ဆိုပြီး ငှက်ဖျား တက်မှာကို စောင့်နေတယ်။ ငှက်ဖျားတက်သလို အဖျားကအပြင်းအထန် တက်မလာတော့ ဆရာဝန် သိပ်စိတ်ပူသွားတာ။ လွယ်လွယ်ကူကူကုလို့မလွယ်တာသိလာတယ်။ ဆေးကောင်းဝါး ကောင်းမရှိရင် ဒုက္ခရောက်မှာ သေချာတယ်။ ခဏခဏအန်တယ်။ ဝမ်းလည်း အဆက်မ ပြတ်သွားတယ်။ လူဟာ မျော့မျော့လေးပဲ ကျန်တော့တယ်။ ထောင်ကျမိတ်ဆွေများ ဟာ ဖေဖေအန်တိုင်း၊ အိမ်သာတက်တိုင်း အမြဲဘေးနှစ်ဘက်ထူ ထားပေးရတယ်။ ဖေဖေလမ်းတောင် မလျှောက်နိုင်တော့ဘူး။

အစားမစားနိုင်တော့ အရည်ဘဲသောက်နေရတယ်။ ခန္ဓာကိုယ်ဟာ အင်အားချိနဲ့တဲ့လွန်း တော့ရောဂါပိုးများ စုပုံဝင်လာတယ်။ ငွေများများရှိရင် ဆရာဝန်တွေလက်ထိုးပြီး လိုအပ်တဲ့ ဆေးဝယ်လို့ရတယ်။ အခန်းလူကြီးတွေကို တန်စိုးလက်ဆောင် ငွေကြေးပေးသပြီး အကူအညီ တောင်းလို့ရတယ်။ငွေကြေးကလုံလောက်အောင် မရနိုင်ဘူးဆိုတာ ဆရာဝန်သိလာတယ်။ တေဇတို့လို အခန်းပိတ်ထား တာမဟုတ်လို့ ဒုစရိုက်သမားတွေနဲ့ အတူရောနေရတယ်။ အခန်းလူကြီးကို တတ်နိုင်သလောက် ငွေပေးမှဖြစ်မယ်။ နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး လက်သီးကို တင်းတင်းဆုပ်ထားရင်း အံကို ကြိတ်ပြီး ဝေဒနာတွေကိုရင်စည်းပြီး ခံနေရတယ်။ ဓါးနဲ့ထိုးခံထားရသလို ဗိုက်ထဲမှပူပြင်းပြီး နာကျင်လှပါတယ်။ ကိုယ်အသက်ကို ကိုယ်ကယ်ဖို့ မျက်လှည့်ပြသလို ဖြစ်ဖြစ်၊ပျောက်စေတန်ခိုးတွေနဲ့ ဘဲဖြစ်ဖြစ် ကုလို့မရ နိုင်ပါ။ ငွေများများ တတ်နိုင်မှဖြစ်မှာ။ ငွေဟာ အလွန်အရေးကြီး ပါ တယ်။ ငွေများများရှိမှ ထောင်ဝန်ထမ်းတွေကို လဒ်ထိုးနိုင်မှ လိုအပ်တဲ့ ဆေးဝါးကုသမှု ရနိုင်မယ်မဟုတ်ပါလား။ ငွေလမ်းခင်းနိုင်ဖို့ ဘယ်မှာ ဖြစ်နိုင်မှာလဲ။

တခါတလေ အခန်းလူကြီးကို လက်ဆောင်ပေးပြီး အပြင်ဘက်က ဆေးဝါးဘဲဖြစ်ဖြစ် မိမိရဲ့အိမ်နဲ့ဘဲဖြစ်ဖြစ် အဆက်အသွယ်လုပ်လို့ရနိုင်တယ်။ အကယ်လို့ အဲဒီလိုဆက်သွယ်နိုင်ရင် ဒေါ်စန္ဒာဟာ ခလေးတွေကို ဆွေမျိုးတွေနဲ့အပ်ထားပြီး သူ့ဆီကို အပြေးလာတွေ့လိမ့်မယ်လို့ သူမျှော်လင့်ထားတယ်။ ဒေါ်စန္ဒာဟာ အဖွားရဲ့ နောက်ဆုံး ရွှေလေးကို ရောင်းစားလိုက်တယ်။ အဆိပ်ဖြေဆေး၊ ထိုးဆေး၊ အားသွင်းဆေး လောက်ရှိမှ ဖြစ်မယ်။ ရေသန့်သန့်လဲရမှဖြစ်မယ်။ ဆေးဝါးကုသရမှဒီဒုက္ခက လွတ်မြောက်နိုင်တယ်။ အဲဒီက လွတ်မြောက်သည့်တိုင်အောင်မှ နောက်ထပ် ၇ နှစ်တောင်ခံနိုင်ပါဦးမလား။ ဘာဘဲဖြစ်ဖြစ် ကြိတ်မှိတ်ခံစားရင်းနဲ့ တေဇတို့အောင်မင်းကို အချစ်ဆုံးဇနီး လမင်းလေးဆီပြန်ရောက်နိုင်မယ်။

ကုန်ကျစရိတ်ကို အကြိမ်ကြိမ် တွက်ချက်ရင်း ဒေါ်စန္ဒာဟာ နတ်တွေ ဘာတွေတောင် ပူဇော်လာတဲ့ အဖြစ်ရောက်လာတယ်။ ဒေါ်စန္ဒာဟာ ခလေးတွေ စာအုပ်ထဲမှာ စာရင်း ရေတွက်ရင်း နောက်ဆုံးလိုအပ်တဲ့ ခရီးသွားငွေကို လက်ထပ်တုန်းကဝတ်တဲ့ အမြတ်နိုးဆုံး ဟန်းချိန်းပါးပါးလေးကို ရောင်းလိုက်ရတယ်။ အားလုံးထုခွဲပြီး ခင်ပွန်းရှိရာ မြောက်ပိုင်းအစွန်ဆုံး ကျောက်ထုစခန်းကို အပြေးချီတက်လာတယ်။ မိုးအရမ်းများလို့ တံတားဟာ ပြိုသွားပြီး အခြားကနေရာကကျွေ့ပြီး ချောင်းကူးရတယ်။ လမ်းတွေဟာ ရွှံ့နွံတွေနဲ့ လမ်းလျှောက်ဖို့ သိပ်မလွယ်ပါ။ ဘာဘဲဖြစ်ဖြစ်ရှေ့ဆက်တိုးရမယ်။ စောစောကသာ အဆက်အသွယ်ရခဲ့ရင် ဒါထက်ပို စောစောလာနိုင်ပါဘဲတွေးမိတယ်။ ဆက်သွားလို့ မရတဲ့အဆုံး ထောင်ဝင်စာတွေ အခြားလူနဲ့တဆင့်ပေးပြီး ပြန်လာခဲ့ရတယ်။

ချစ်ခင်ပွန်း ဆရာဝန်ဆီက စိတ်မကောင်းစရာ စာပြန်လာတယ်။ ပို့လိုက်တဲ့

ဆေးဝါးဟာသိပ်ကိုနည်းနေတယ်။ ဘယ်လိုမှ မပျောက်နိုင်ဘူးထင်တယ်။ အဲဒီစာကို ဒေါ်စန္ဒာလက်ထဲရောက်တဲ့ နေ့မတိုင်ခင် ၁၆ရက် လောက်ကတည်းက ခင်ပွန်း ဆရာဝန်ဖြစ်သူက ရောဂါဝေဒနာတွေကို ကြိတ်မှိတ် ခံစားရင်း မချိမဆန့်နဲ့ ဘဝကူးသွားတယ်ဆိုတာ နောက်မှသိရတယ်။ စားပွဲပေါ်မှာစာရွက်ကို ဆုပ်ကိုင်ထားရင်း ဒေါ်စန္ဒာရဲ့ လက်တွေ တုန်ယင်နေပြီး လွန်ခဲ့တဲ့ ၁၆ရက်လောက်ကတည်းက ခလေးတို့အဖေ သူ့ခင်ပွန်းဆုံးကာ သင်္ဂြိုလ်ခွင့်တောင်မရလိုက်ဘူး။ တက်နိုင်သလောက် အဆက်အသွယ် ရှာပြီး သူခင်ပွန်းဆုံးတာ စုံစမ်းကြည့်တယ်။ ရောဂါနဲ့ ဆုံးသွားတယ်သိရတယ်။ အဲဘယ်မှာမြေမြုပ်လိုက် သလဲဆိုတာ ဒီနေ့အထိစုံစမ်းလို့မရပါ။ ဆရာဝန်တယောက်ရဲ့ ပက်ပက်စက်စက် မလှပတဲ့ ဘဝနိဂုံး ဖြစ်ပါတယ်။

## ဆက်လက် ဖော်ပြသွားပါမည်၊